ကိုယ်ဝန်ဖျက်ချမှု ပြဿနာ
ဆက်လက်တင်ဆက်ပါမယ် ..ရေးသားသူ .သက်တန့်ချို


လူရယ်လို့ဖြစ်လာပြီဆိုရင်ယောက်ျားရောမိန်းမရော သူ့တာဝန်သူ အသီးသီး ထမ်းဆောင် ရပါတယ်.....
ဒီမှာမိန်းမတွေက မျိုးဆက်ပွားခြင်းဆိုတဲ့တာဝန်ကို အဓိကထမ်းဆောင်ရပါတယ်...
ယနေ့ခေတ်မှာဆိုရင်အရွယ်ငယ်ငယ်လေးတွေနဲ့အိမ်ထောင်ကျ ကလေးမွေး မနိုင်မနင်းဖြစ်နေကြတာကို
အားလုံးလဲတွေ့မြင်နေကြမှာပါ...ဒီတော့ ငယ်ငယ်ရွယ်ရွယ်မိန်းမတွေမှာ ဘာမှအဆင်သင့်မဖြစ်သေးခင်
ကိုယ်ဝန်ဆောင်လိုက်ရတဲ့အခါမှာ ပြဿနာမျိုးစုံကြုံရပါတယ်....တစ်ချို့ကတော့သတ္တိရှိရှိနဲ့အရာအားလုံးကို
ရင်ဆိုင်တာပေါ့..တစ်ချို့ကတော့ကိုယ့်ကိုယ်ကိုသတ်သေဖို့အထိတောင်စဉ်းစားကြပါတယ်....အများစုရဲ့စိတ်
ထဲမှာဝင်လာတာကတော့ ကိုယ်ဝန်ဖျက်ချကြမယ်ပေါ့..ဒီမှာ မြို့နေလူတန်းစားနဲ့တောနေလူတန်းစား
တောင်ကိုယ်ဝန်ဖျက်ချတာမတူကြပါဘူး..မြို့နေလူတန်းစားကတော့သိတဲ့အတိုင်းဘဲ ကိုယ်ကိုယ်ကို
အန္တရာယ်မရှိအောင်ကာကွယ်တယ်တောနေလူတန်းစားကတော့ဒီလိုမဟုတ်ဘူးကိုယ်ဝန်ပျက်ကျရင်ပြီးရော
နည်းမျိုးစုံနဲ့လုပ်ကြတယ်..ဒီတော့မရှူနိုင်မကယ်နိုင်ဖြစ်ရော...တစ်ချို့တစ်ချို့သော လက်သည်တွေဟာ
ကိုယ်ဝန်ဖျက်တဲ့နေရာမှာအရမ်းကိုပက်စက်ကြတယ်.. ကျွန်တော် house surgeon ဆင်းတုန်းကဆိုရင်
အမျိုးစုံတွေ့ဖူးပါတယ်..တစ်ချို့က မွေးလမ်းကြောင်းကို တုတ်တွေသံချွန်တွေနဲ့ထိုးတယ် တစ်ချို့က
မီးပူပေးထားတဲ့ သံတုတ်တွေနဲ့ထိုးတယ် မွေးလမ်းကြောင်းကို အောက်ကနေနည်းမျိုးစုံးနဲ့ ထိုးချကြပါတယ်..
သူတို့စိတ်ထဲမှာတော့ ဗိုက်ထဲကကလေးကသေသွားရင်သူ့အလိုလိုထွက်ကျလာမယ်မှန်း
ထင်နေကြသလား မသိပါဘူး.. နောက်တစ်နည်းကတော့ကဗိုက်ပေါ်ကနေနည်းမျိုးစုံနဲ့မလေးလေး
ထွက်ကျသွားအောင် တွန်းချကြပါတယ်...တစ်ချို့က ၂ယောက်၃ယောက်လက်တွေနဲ့တွန်းချကြတယ်

တစ်ချို့ပကာအလေးအပင်တွေတင်ပြီးနည်းမျိုးစုံနဲ့ ကြိုးပမ်းကြပါတယ်...ရှင်းရှင်းပြောရင်ကိုယ်ဘာသာကိုယ် မနေနိုင်မထိုင်နိုင်ဘဲ ကိုယ်ဝန်ရလာတော့မှ အပြစ်မရှိတဲ့ ကလေးကိုနည်းမျိုးစုံနဲ့သတ်ကြတာဟာ. တရားမျှတမှုမရှိဘူးလို့ထင်ပါတယ်...ဒီတော့ကိုယ်ဝန်ဖျက်ကြတော့ ဘာတွေဆက်ဖြစ်ကြသလဲ.. နည်းလမ်းမမှန်တဲ့အတွက်မိန်းမပေါင်းများစွာရဲ့အသက်တွေသေကြေကြရပါတယ်.တစ်ချို့ဆို သွေးထွက်လွန်ပြီး Pressure က တိုင်းလို့မရ Pulse က စမ်းလို့မရဖြူဖျော့ပြီး ခြေဖျားလက်ဖျားတွေ အေးစက်ပြီး Shock နဲ့ရောက်လာကြပါတယ်..တစ်ချို့ဆိုလုပ်တာပြင်းထန်လွန်းလို့သားအိမ်ကွဲ ထွက်ခြင်း (Uterine Rupture) ရတယ်..အချိန်မှီရင်တော့ အသက်မှီတယ် မမှီတော့လဲသေကြတာပေါ့ ဒီတော့တစ်ချို့ကမေးကြမှာပါ..နည်းလမ်းမှန်တဲ့ကိုယ်ဝန်ဖျက်ခြင်းဆိုတာရှိသလားလို့...အနောက်နိုင်ငံတွေ မှတော့ Therapeutic abortion ဆိုတာရှိပါတယ်..Ultrasound ရိုက်ကတည်းက ခြေမပါလက်မပါ... တစ်ချို့ဆိုဉာဏ်ရည်မမှီလူ့လောကမှာမဝင်ဆန့်နိုင်တဲ့Down'sSyndrom ,တစ်ချို့ကဗိုက်ထဲမှာကတည်းက အကြောင်းတစ်ခုခုကြောင့်ကလေးကအသက်မရှိတော့ဘူး...ဒါဆိုရင်Therapeutic Abortion လုပ်ပေးပါတယ်...မြန်မာနိုင်ငံမှာတော့ ဗုဒ္ဓဘာသာဝင်တွေဖြစ်တဲ့အတွက် ခွင့်မပြုပါဘူး.. ကဲဒါဆိုဘယ်လိုလုပ်ကြမလဲ???????????????????????????????????????????????

တစ်ကတော့မဖြစ်ခင်ကကြိုတင်ကာကွယ်ပေ့ါဗျာ..ဖြစ်ပြီးရင်ရော.......ဖြစ်ပြီးရင်တော့ သတ္တိရှိရှိနဲ့ကလေးကိုမွေးလိုက်ပါ..ဒီနေ့လိုတိုးတက်နေတဲ့ခေတ်ကြီးမှာ Abortion ဆိုတာ မရှိသင့်တော့ပါဘူးကာကွယ်နိုင်တဲ့နည်းလမ်းတွေလဲ အများကြီးရှိပါတယ်.... ထိုးဆေးထိုးမလား။ သောက်ဆေးသောက် မလား။ ကွန်ဒုံးသုံးမလား။ အို..ဗျာ...စုံလို့ပါဘဲ နောက်ကြရင်အသေးစိတ်ထပ်ရေးပါအုန်းမယ်...
ယခုဆိုရင် Emergency Contraceptiveဆေးတွေလဲပေါ်နေပါပြီ...
ဈေးကွက်ထဲမှာလဲအလွယ်တကူဝယ်လို့ရနေပါပြီ Pill 72 နဲ့ Easy 2 တို့ပေ့ါ